


# ရဇဝင်ကို အောင်နိုင်ခဲ့သူ

မိုးညီထက်နိုင်

# ခရစ္စတီယာနို ရော်နယ်ဒို : ရာဇဝင်ကို အောင်နိုင်ခဲ့သူ

## Christiano Ronaldo: Rise of a winner by Michael Part

## မိုးညီထက်နိုင် ရေးသားသည်

(၁)

*

ခရစ္စတီယာနိုရော်နယ်ဒိုဒေါ့ဆန်းတို့စ်အဗီယာရိုသည် သူ့မျက်နှာကို ရေအေးအေးဖြင့်ပွတ်သပ်လိုက်၏။ ထို့နောက် မှန်အတွင်း မှ သူ့ကိုယ်သူပြန်ကြည့်နေ၏။ အသက်ကို တဝကြီးရှူသွင်းလိုက်သည်။ ယနေ့သည် သူ၏ အထူးနေ့တစ်နေ့ဖြစ်၏။

အပြင်ဘက်။ ဘာနေဗျူးကွင်း၏ အနီးတစ်ဝိုက်တွင် ကားလမ်းများပိတ်နေသည်။ ထိုနေ့မှာ ၂၀၀၉ခုနစ် ဇူလိုင်လ ၆ရက်နေ့ဖြစ်ပြီး ပရိသတ်အများအပြားသည် ဘာနေဗျူးကွင်းအတွင်း ထိုင်ခုံတစ်နေရာရရှိရန် အလုအယက်တိုးဝှေ့နေကြခြင်းဖြစ်သည်။ ဘာနေဗျူး ကွင်းတွင် ယနေ့ကျင်းပမည့် အခမ်းအနားအတွက် နာရီပေါင်းများစွာစောင့်ဆိုင်းခဲ့ကြရသည်။ လူဦးရေ ၈၂၀၀၀ ဝင်ဆံ့သော ကွင်းကြီးသည် တစ်ခဏအတွင်းပင် ပရိသတ်များဖြင့် ပြည့်လာလေတော့သည်။ ကွင်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုနိုင်ခြင်းမရှိသော ပရိသတ်များမှာမူ ကွင်းပြင်ပတွင် ထားရှိသော မျက်နှာပြင်ကျယ် ရုပ်သံပြစက်ကြီးများမှ ကြည့်ရှုနေကြ၏။ ကွင်းတွင်း၊ကွင်း ပြင် ပရိသတ်အားလုံးသည် အသင်း၏ အဖြူရောင်ဂျာစီများကို ဝတ်ဆင်ထားကြသည်။ နောက်ဆုံးတွင်မူ ကမ္ဘာ့အကောင်းဆုံးက စားသမားနောက်တစ်ဦး

သည် သူတို့အသင်းထံသို့ရောက်ရှိလာခဲ့ပြန်ပြီဖြစ်သည်။

အဝတ်လဲခန်းအတွင်းတွင်ရပ်ကာ ရော်နယ်ဒိုလှည့်ပတ်ကြည့်နေမိသည်။ သူ့ကိုယ်ပိုင် Locker အတွင်းတွင် သူ့နာမည်ထိုးထား သော ကျောနံပါတ် 9 ဂျာစီကို ချိတ်ဆွဲထားကာ ထိုဂျာစီရှေ့တွင် ကမ္ဘာ့အကျော်ကြားဆုံး ကလပ် ရီးယဲလ်မက်ဒရစ်အသင်းတံဆိပ် ကို တပ်ဆင်ထားသည်။ ယခုလို အချိန်မျိုးကို သူအိပ်မက်ခဲ့သည်မှာ မည်မျှကြာခဲ့ပါပြီလဲ။ သူ ရီးယဲလ်မှာ ကစားချင်သည့် အိပ်မက် ကို ဘယ်အချိန်က စတင်မက်ခဲ့မှန်း သူမမှတ်မိတော့။ သူအရွယ်ရောက်သောအခါ ရီးယဲလ်မှာ ကစားချင်ကြောင်း သူထုတ်ပြော လေ့ရှိခဲ့သည်။ ဘယ်သူကရော ရီးယဲလ်မက်ဒရစ်တွင် မကစားချင်ဘဲ ရှိပဲ့မလဲ။

သူ အဝတ်လဲခန်းပြင်ပကို လှည့်ပတ်ကြည့်မိသည်။ ဘာနေဗျူးကွင်း။ နောက်ဆုံးတော့ သူဤနေရာကိုရောက်ရှိခဲ့ချေပြီ။ သူ့နှုတ်ခမ်းများပေါ်သို့ အရိုးရှင်းအသန့်စင်ဆုံးအပြုံးကရောက်လာသည်။ ရော်နယ်ဒိုသည် သူ၏ မျက်လုံးများကို ပိတ်ထားလိုက်ပြီး အသက်ကို နောက်ထပ် ဂဂ တစ်ကြိမ်ရှူသွင်းလိုက်ပြန်သည်။ မကြာခင်အချိန်အတွင်း အသံချဲ့စက်မှ သူ့အမည်ကို ကြေညာသည့် အသံထွက်ပေါ်လာတော့မည်။ ထို့နောက် သူသည် ကွင်းအတွင်းသို့ဝင်ကာ ပရိသတ်များအားနှုတ်ဆက်ပြီး စင်မြင့်ပေါ်သို့တက်ရမည်။ လူတစ်ချို့ကိုလက်ဆွဲနှုတ်ဆက်ပြီး စကားတစ်ချို့ကိုပြောရလိမ့်မည်။ ဓါတ်ပုံတစ်ချို့ ရိုက်ရလိမ့်မည်။ သူ ကင်မရာမီးရောင် တွေနှင့် အသားကျနေခဲ့သည်မှာ ကြာပြီ။ သို့သော် ဤတစ်ကြိမ်ကမူထူးခြားသည်။ ဤတစ်ကြိမ်မှာ ဘဝ၏အိပ်မက်ကြီးတစ်ခုပြည့် မြောက်လာခြင်းဖြစ်နေသည်။

သူ့အာရုံကြောတွေက ကောင်းကောင်းမှအလုပ်လုပ်ပဲ့မလား။ သူပူပန်နေသည်။ ထို့ကြောင့် Locker ရှိရာသို့ပြန်သွားပြီး အတွင်း မှ သူစုဆောင်း

ထားသော လက်ဝါးကပ်တိုင်လေးများကို ထုတ်ယူလိုက်သည်။ သူ့တွင် လက်ဝါးကပ်တိုင်လေးများကို စုဆောင်း လေ့ရှိသည့် ဝါသနာရှိသည်။ အမျိုးမျိုးအစုံစုံစုဆောင်းထားပြီး တော်တော်များများလည်းရှိသည်။

ကွင်းအတွင်းသို့ ဝင်ရန်အချိန်ကျလုပြီ။

အဝတ်လဲခန်းအတွင်းမှ ဆင်းသွားသော လှေကားများက သူ့ကို ကွင်း ထံသို့ ဦးတည်ခေါ်ဆောင်သွားသည်။ နောက်ဆုံး လှိုဏ်ခေါင်းပေါက် အတွင်းမှထွက်လိုက်သည်နှင့် ။ ကွင်းပြင်ကျယ်ကြီး။ ပရိသတ်များနှင့် အော်ဟစ်အားပေးသံများ။ သူ စင်မြင့် အပြာရောင်ပေါ်သို့တက်ရန် လှေကားအနီးသို့ရောက်သည်နှင့်သီချင်းသံက လှုလှုပပချိန်သားကိုက်ထွက် ပေါ်လာသည်။ ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားတစ်ဦးကို အသင်းက ကြိုဆိုနှုတ်ဆက်ပုံမှာ ပြဇာတ်ပင်ဆန်လှသေးတော့သည်။ စင်မြင့်၏အောက်မှ အော်ဟစ်အား ပေးနေသော အသံများကို နားထောင်ရ သည်မှာ မက်ဒရစ်တစ်မြို့လုံးပင် ရောက်ရှိနေရော့သလား ထင်မှတ်ရသည်။ သူသည် လှေကားအကွယ်တွင်် ခေတ္တမျှရပ်နေလိုက်ပြီး အသက်ကို ဝဝ ရှူ လိုက်ပြန်သည်။ ထို့နောက်တွင် လှေကားမှတစ်ဆင့် စင်မြင့်ပေါ်သို့ တက် ရောက်ခဲ့တော့သည်။ သူစင်မြင့်ပေါ်သို့ ရောက်သည် နှင့် နှလုံးခုန်ရပ်တော့ မလိုဖြစ်သွားသည်။ စင်မြင့်ပေါ်တွင် သူတွေ့လိုက်ရသည်မှာ ရီးယဲလ်မက်ဒ ရစ်အသင်းအတွက် ထာဝရ အကောင်းဆုံး ကစားသမားဟုဆိုနိုင်သည့် ရွှေ ဝါရောင်မြှား ခေါ် အယ်လ်ဖရက်ဒို ဒီစတီဖာနို။ ဒီစတီဖာနို၏ ညာဘက် ဘေးတွင်မူ ပေါ်တူဂီအသင်း၏ ဂန္တဝင်ကစားသမားကြီး ယူဆီဘီယို။ သူ့ အိပ်မက်ထဲမှ သူရဲကောင်းကြီးများက ဤနေရာတွင်ရောက်ရှိနေကြ သည်။ သူ့ကို စောင့်ဆိုင်းကြိုဆိုနေကြသည်။ မဖြစ်နိုင်သည့် အရာများလိုပင်။ အရာအားလုံးက အိပ်မက်ပမာ။

လွန်ခဲ့သည့် ကာလများက သူသည် မာဒီရာ လမ်းမများပေါ်မှ ဘောလုံးကို ဘယ်လိုကစားရမည်ဟု သင်ကြားလေ့လာနေခဲ့သည့် ဆင်းရဲသားလေးတစ်ယောက်သာ ဖြစ်ခဲ့သည်။ သူဘယ်လို ဒီနေရာကိုရောက်ရှိလာခဲ့သလဲ။ ကမ္ဘာ့ဘောလုံးလောက၏ ထိပ်ဆုံးနေရာကို ဘယ်လိုရယူခဲ့သလဲ။ သူ့မျက်လုံးများကို ပိတ်ထားလိုက်သည့် အခါ သူငယ်ငယ်ကနေထိုင်ခဲ့သည့် ကျွန်းကလေးပေါ်မှ ဘဝကိုပြန်မြင်ယောင်လာသည်။ ပေါက်ပြဲချိုင့်ခွက်နေသောလမ်းများ၊ အကာအရံအကျိုးအပဲ့များနှင့် ဘောလုံး ကွင်းများ။ သူ့ ငယ်ဘဝက သူ့ဆီပြန်ပြေးလာနေသလို ခံစားနေရသည်။ သူ့ဘဝ၏ ပထမဆုံး အမှတ်တရကား ဘုရားကျောင်းတွင် ဖြစ်သည်။ ထိုနေ့က သူ အပေါ်အပြာ၊ အောက်အဖြူရှိသော ဂျာစီကိုဝတ်ဆင်ထားသည်။

***